စက်တင်ဘာလ ၁၈ ရက်နေ့နှင့် ၂၇ ရက်နေ့တွင် မြန်မာနိုင်ငံမှထွက်ခွာမည့် All Nippon Airways (ANAလေကြောင်းလိုင်း) ခရီးစဉ်နှင့်ပတ်သက်၍

ဂျပန်နိုင်ငံသို့ သွားရောက်ရန် စိတ်ဝင်စားကြသော မြန်မာနိုင်ငံသားများသို့

၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၁ ရက်

၁။ All Nippon Airways (ANAလေကြောင်း လိုင်း) သည် စက်တင်ဘာလ ၁၇ ရက်နေ့ (ကြာသပတေး) နှင့် စက်တင်ဘာလ ၂၆ ရက်နေ့ (စနေ) တွင် မြန်မာနိုင်ငံသို့ပြန်လာရန် ဆန္ဒရှိကြသော မြန်မာနိုင်ငံသားများ အတွက် Narita မှ ရန်ကုန်မြို့သို့ ကယ်ဆယ်ရေးလေယာဉ် (Relief Flight) ခရီးစဉ်များ ပျံသန်းရန် အစီအစဉ်ရှိပါသည်။ အပြန်လေယာဉ် အဖြစ် စက်တင်ဘာလ ၁၈ ရက်နေ့ (သောကြာ) နှင့် စက်တင်ဘာလ ၂၇ ရက်နေ့ (တနင်္ဂနွေ) တို့တွင် ရန်ကုန်မြို့မှ Narita သို့ ANA လေယာဉ်အမှတ် NH814 (ရန်ကုန်မြို့မှထွက်ခွါချိန်သည် ၂၁း၄၅ နာရီ ဖြစ်ပြီး Narita သို့ဆိုက်ရောက်ချိန်သည် နောက်တစ်နေ့နံနက် ၇း၀၀နာရီ ဖြစ်ပါသည်) ပျံသန်းရန်စီစဉ်လျက်ရှိသောကြောင့် အောက်ပါအတိုင်း အသိပေးအကြောင်းကြား အပ်ပါသည်။

၂။ သို့ရာတွင် မြန်မာနိုင်ငံမှလာရောက်မည့်သူများသည် ဂျပန်နိုင်ငံသို့ ဝင်ရောက်သောအခါ မိမိနေအိမ် စသည့် သီးသန့်နေရာများတွင် ၁၄ ရက်ကြာ နေထိုင်ရမည်ဖြစ်ပြီး ထိုကာလအတွင်း ဂျပန်နိုင်ငံရှိ အများပြည်သူသုံးလမ်းပန်းဆက်သွယ်ရေးယာဉ်များကို အသုံးပြု၍မရပါသဖြင့် သတိပြုနိုင်ပါရန် တင်ပြ အပ်ပါသည်။ ဂျပန်နိုင်ငံ၏ ရောဂါကာကွယ် ထိန်းချုပ်ရေး စီမံချက် အသေးစိတ်ကို အောက်ပါဝက်ဆိုက်တွင် ကြည့်ရှုနိုင်ပါသည်။

https://www.mofa.go.jp/ca/fna/page4e_001053.html

၃။ လက်မှတ်များကို အောက်ဖော်ပြပါ All Nippon Airways (ANAလေကြောင်းလိုင်း) ၏ ဝက်ဆိုက် တွင် ကြိုတင်မှာယူနိုင်ပါသည်။
https://www.ana.co.jp/ja/mm

※ Pulldown ဖော်ပြချက်「ဈေးနှုန်းဦးစားပေးရွေးချယ်ချက် “Fares with lower prices”」ကို「ဘွတ်ကင်ကိုအပြောင်းအလဲလုပ်နိုင်သည့် ဈေးနှုန်း ”Fares which are eligible for reservation changes”」 သို့ပြောင်းမှသာ ဘွတ်ကင်တင်နိုင်သောထိုင်ခုံ ပေါ်လာမည်ဖြစ်သောကြောင့် သတိပြုစေလိုပါသည်။

စုံစမ်းမေးမြန်းရန် : မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး ကောင်စစ်ဌာန

ဖုန်း : ၉၅-၁-၅၄၉၆၄၄～၈

အီးမေးလ် : ryoji@yn.mofa.go.jp